# OVS

## ကျင့်ဝတ်စည်းမျဉ်း

2021

# မိတ်ဆက်

သဘာဝနှင့် လူမှုရေးစနစ်များ သဟဇာတရှိစွာ ကြီးပွားတိုးတက်နိုင်စေမည့် ထုတ်လုပ်မှုပုံစံများ ဖန်တီးခြင်းသည် စီးပွားရေး လုပ်ငန်းလုပ်ကိုင်သူတိုင်း၏ ဘုံရည်မှန်းချက်တစ်ခုဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ ၎င်းသည် ရေရှည်တွင် အောင်မြင်ရန် အခြေခံအခြေအနေတစ်ခုလည်း ဖြစ်လာခဲ့သည်။

ဤအကြောင်းကြောင့် OVS သည် စက်ရုံအလုပ်ခွင်အခြေအနေများ မြှင့်တင်ရေးနှင့် ထုတ်လုပ်ရေး လုပ်ငန်းခွင်များ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားဖြည့်ကူညီပေးလျက် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုများအပေါ် အပြုသဘောဆောင် သော သက်ရောက်မှုများ ဖန်တီးပေးကာ လုပ်ငန်းအတွက် ထိရောက်သော အထောက်အပံ့ပေးရေး ဘုံရည်မှန်းချက်များပေါ်တွင် အခြေခံ၍ ထောက်ပံ့မှု ဆက်ဆံရေးများ ထူထောင်ရန် ရည်ရွယ်သည်။

ဤကျင့်ဝတ်စည်းမျဉ်း၏ရည်ရွယ်ချက်မှာ ပွင့်လင်းမြင်သာမှုအပြင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ရေရှည်အကျိုးဖြစ်ထွန်းမှု ကဏ္ဍများတွင် လုပ်ထုံးလုပ်နည်းများကို စဉ်ဆက်မပြတ်တိုးတက်အောင် ကြိုးပမ်းရာတွင် ပစ္စည်းသွင်းသူများ လိုက်နာ ဆောင်ရွက်ရမည့် သတ်မှတ်ချက်အချို့ကို ဖော်ပြရန်ဖြစ်သည်။

ရေရှည်အကျိုးဖြစ်ထွန်းသော လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးခြင်းသည် ကျွန်ုပ်တို့၏တန်ဖိုးများကို မျှဝေကာ ကျွန်ုပ်တို့နှင့် အတူ ဆက်လက်ကြီးပွားတိုးတက်လိုသည့် မိတ်ဖက်အားလုံးကြားတွင် အမြင့်ဆုံးယုံကြည်မှုဖြင့် သင့်လျော်သော ပူးပေါင်း ဆက်ဆံရေးကို ဖန်တီးရန် ကူညီပေးပါသည်။

လုပ်ငန်းရည်မှန်းချက်၏ အဓိကအခန်းကဏ္ဍတွင် အမြစ်တွယ်သော ရေရှည်အကျိုးဖြစ်ထွန်းမှုဆိုင်ရာ အခြေခံမူများကို ဤစာရွက်စာတမ်းတွင် လုပ်ငန်းလည်ပတ်မှုဆိုင်ရာအရ ဖော်ပြထားပြီး ကုန်စည်စီးဆင်းမှုကွင်းဆက်အတွင်း ၎င်းကို ဖြန့်ချီ၊ မျှဝေကြရန် အဓိကအားဖြင့် အားပေးထားသည်။
အောက်ပါအခြေခံကျသော နယ်ပယ်သုံးခုနှင့်စပ်လျဉ်း၍ ကျင့်ဝတ်စံနှုန်းတစ်ခုကို ကျွန်ုပ်တို့ ခွဲခြားဖော်ပြထားပါသည်-

- ဝန်ထမ်းများ
- ပတ်ဝန်းကျင်
- လိုက်နာမှုနှင့် ပွင့်လင်းမြင်သာမှု

ပြဋ္ဌာန်းချက်များသည် နိုင်ငံတကာစံနှုန်းများ၊ အမျိုးမျိုးသောနိုင်ငံတော် စည်းမျဉ်းများ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက်၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၊ ILO သဘောတူညီချက်များနှင့် လုပ်ငန်း နယ်ပယ်ရှိ အကောင်းဆုံးကျင့်ထုံးများကို အခြေခံ၍ ရေးဆွဲထားသည်။

ဤကျင့်ဝတ်စည်းမျဉ်းတွင်ပါရှိသော အခြေခံမူအားလုံးကို လေးစားရန်သည် OVS နှင့် လုပ်ငန်းဆက်ဆံရေးအတွက်သာမက ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအောင်တည်ဆောက်ရာတွင် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည်။

ကျင့်ဝတ်စည်းမျဉ်းတွင် ဖော်ပြထားသောအခြေခံမူများနှင့် စပ်လျဉ်း၍ ပစ္စည်းသွင်းသူတိုင်းသည် ဤကျင့်ဝတ်စည်းမျဉ်းပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသော သို့မဟုတ် ထိုသတ်မှတ်ချက်များထက် ကျော်လွန်သည့် စံနှုန်းများနှင့်အညီ ၎င်းတို့၏ တစ်ဆင့်ခံ ကန်ထရိုက်တာများနှင့် တစ်ဆင့်ခံ ပစ္စည်းသွင်းသူများကို စနစ်တကျစောင့်ကြည့်ရာတွင် ၎င်းတို့၏ အပြုအမူအတွက် အာမခံပေးသူအဖြစ် ဆောင်ရွက်ရမည်။

OVS ကုန်စည်စီးဆင်းမှုကွင်းဆက်ရှိ ပါဝင်ဆောင်ရွက်သူတစ်ဦးသည် အထက်ပါအချက်များနှင့်အညီ လုပ်ငန်းလုပ်ကိုင်ခြင်း မရှိပါက OVS သည် အလုပ်သမားများ (အထူးသဖြင့် လူငယ်များ) ၏ အကျိုးစီးပွားနှင့် ၎င်းတို့နေထိုင်သည့် လူမှုရေးနှင့် စီးပွားရေးအခြေအနေတို့ကို အဓိကအားဖြင့် ထည့်သွင်းစဉ်းစား၍ ပြုပြင်တည့်မတ်ပေးသော အစီအမံများကို ဆောင်ရွက်ရန် ကတိပြုပါသည်။

## မာတိကာ


ဝန်ထမ်းများ 4

1. ဝန်ထမ်းများနှင့်ဆက်ဆံရေး 4
2. ကလေးအလုပ်သမားနှင့် လူငယ်အလုပ်သမားများ 4
3. အဓမ္မခိုင်းစေမှု၊ ထိပါးနှောင့်ယှက်မှုနှင့် မတော်မတရားပြုမှု 5
4. ခွဲခြားဆက်ဆံမှုများ 5
5. လွတ်လပ်စွာအသင်းဖွဲ့ခွင့် 5
6. လစာနှင့် အလုပ်ချိန် 6
7. ကျန်းမာရေးနှင့် ဘေးကင်းရေး 6

8. ဒေသခံအသိုင်းအဝိုင်း 7
ပတ်ဝန်းကျင် 8
9. သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု 8
10. ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသော ပစ္စည်းများ 8
11. စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု 9
12. ရေစီမံခန့်ခွဲမှု 9
13. လေထုထဲသို့ ဓာတ်ငွေ့ထုတ်လွှတ်မှု 9
14. နယ်မြေတွင်း ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု 9
15. နောက်ထပ် ရေရှည်အကျိုးဖြစ်ထွန်းသော ပစ္စည်းများ 10
လိုက်နာမှုနှင့် ပွင့်လင်းမြင်သာမှု 11
16. လိုက်နာမှု 11
17. အကျင့်ပျက်ခြစားမှု 11
18. ပွင့်လင်းမြင်သာမှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်း 11
19. စာရင်းစစ်များ 11
20. ကျင့်ဝတ်စည်းမျဉ်း ကျင့်သုံးမှု 12

# ဝန်ထမ်းများ

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ မတူကွဲပြားမှု၊ လူပုဂ္ဂိုလ်အားလုံးအပေါ် လေးစားမှုနှင့် သည်းခံနိုင်မှုတို့သည် ကျွန်ုပ်တို့အတွက် အခြေခံစံတန်ဖိုးများဖြစ်သည်- ကျွန်ုပ်တို့သည် ၎င်းတို့ကို အာမခံပြီး နေ့စဉ်နေ့တိုင်း အားပေးမြှင့်တင်ပါသည်။

လူတိုင်းသည် ဘေးကင်း၍ သက်သောင့်သက်သာရှိပြီး ပူးပေါင်းလုပ်ဆောင်နိုင်သော လုပ်ငန်းခွင်ပတ်ဝန်းကျင်မှတစ်ဆင့် ၎င်း၏ အစွမ်းအစအပြည့်ကို ထုတ်ပြနိုင်ရန် အခွင့်အရေးရှိရမည်။ ကျွန်ုပ်တို့သည် လူတစ်ဦးစီ၏ အစွမ်းအစနှင့် အရည်အချင်းများကို တိုးတက်စေရန် ရည်ရွယ်ထားသော လေ့ကျင့်ရေးသင်တန်းများဖြင့် ပရော်ဖက်ရှင်နယ်အဆင့်နှင့် တစ်ဦးချင်းအဆင့်တွင် တစ်ကိုယ်ရေတိုးတက်မှုရှိရန် မရှိမဖြစ်လိုအပ်သည်ဟု ကျွန်ုပ်တို့ယူဆပါသည်။

ကျွန်ုပ်တို့သည် လူများ၏တန်ဖိုးကို အသိအမှတ်ပြုပြီး လူတိုင်းအား တူညီသောအခွင့်အရေးများကို ပေးပါသည်။ *OVS* သည် ခွဲခြားဆက်ဆံသည့် သို့မဟုတ် ခြိမ်းခြောက်သည့် မည်သည့်ပုံစံကိုမဆို ရှုတ်ချပါသည်။

## 1. ဝန်ထမ်းများနှင့်ဆက်ဆံရေး

1.1. OVS ကျင့်ဝတ်စည်းမျဉ်းကို ဝန်ထမ်းအားလုံးထံ ထုတ်ပြန်ကြေညာပြီး အလုပ်သမားများ နားလည်သည့် ဘာသာစကားများဖြင့် ပံ့ပိုးပေးရမည်ဖြစ်သည်။

1.2. အလုပ်သမားအားလုံး ၎င်းတို့၏ တရားဝင်အခွင့်အရေးနှင့် တာဝန်များကို သိရှိနားလည်ကြောင်း သေချာစေရန်အတွက် အလုပ်ရှင်တွင် တာဝန်ရှိပါသည်။ အလုပ်သမားများကို စည်းကမ်းထိန်းသိမ်းသည့် ဒေသန္တရဥပဒေများ (အနိမ့်ဆုံးလုပ်ခလစာ၊ အလုပ်ချိန်နှင့် အချိန်ပိုကန့်သတ်ချက်များဆိုင်ရာ စည်းမျဉ်းများကဲ့သို့) ကို အလုပ်သမားအားလုံး နားလည်လွယ်အောင် လုပ်ပေးရမည်။

1.3. အလုပ်သမားအားလုံးကို အလုပ်ခန့်ထားမှု စာချုပ်ရေးသားချုပ်ဆို၍ အလုပ်ခန့်အပ်ရမည်။ စာချုပ်တွင် အလုပ်ခန့်ထားမှု စည်းကမ်းသတ်မှတ်ချက်များကို ဒေသန္တရ ဘာသာစကားဖြင့် ရေးသား၍ အလုပ်သမားက လက်မှတ်ထိုးရမည် ဖြစ်သည်။

1.4. ပစ္စည်းသွင်းသူများသည် ဥပဒေအရ သတ်မှတ်ထားသည်များအပြင် အခြားသော ပရော်ဖက်ရှင်နယ်စွမ်းရည်များ မြှင့်တင်ရေး အတွက် လေ့ကျင့်ရေးသင်တန်းများ၊ လူမှုဖူလုံရေးအစီအစဉ်များနှင့် ဝန်ဆောင်မှုများမှတစ်ဆင့် ၎င်းတို့၏ အလုပ်အဆင့်အတန်းကို တဖြည်းဖြည်းမြှင့်တင်ခြင်းဖြင့် ဝန်ထမ်းများကို အဆင့်မြှင့်တင်ပေးရန် တာဝန်ရှိသည်။

1.5. မည်သည့်အလုပ်သမားကမျှ ၎င်းတို့၏ အလုပ်လုပ်ကိုင်ခွင့်အတွက် အခကြေးငွေမပေးရ။ အလုပ်သမားသည် မည်သည့် အခြေအနေတွင်မျှ အလုပ်ရှာဖွေခ ပေးစရာမလိုစေရ။ အကယ်၍ အလုပ်ရှာဖွေခ ပေးခဲ့ရလျှင် အလုပ်ရှင်သည် အလုပ်သမားအား ထိုငွေကို ပြန်ထုတ်ပေးရမည်။ အလုပ်သမားများသည် အလုပ်ရရှိရန် ငွေပမာဏတစ်ခု သို့မဟုတ် အထောက်အထား စာရွက်စာတမ်း များကို အလုပ်ရှင် သို့မဟုတ် အေဂျင်စီထံ အာမခံထားရန် မလိုအပ်ရပါ။ အလုပ်သမားတိုင်းသည် ကျိုးကြောင်းဆီလျော်စွာ အသ ◌ပေးပြီးနောက် ၎င်းတို့၏ ရာထူးမှ လွတ်လပ်စွာ နုတ်ထွက်ခွင့်ရှိရမည်။

1.6. တရားဝင်နေထိုင်ခွင့်ဖြင့် နိုင်ငံတွင်း တရားဝင် အလုပ်လုပ်ခွင့်ရှိကြောင်း အရင် အတည်ပြုထားခြင်းမရှိဘဲ နိုင်ငံခြားသား/ ရွှေ့ပြောင်း အလုပ်သမားများကို အလုပ်ခန့်အပ်ခြင်းအား တင်းတင်းကျပ်ကျပ် တားမြစ်ထားသည်။

## 2. ကလေးအလုပ်သမားနှင့် လူငယ်အလုပ်သမားများ[1]

2.1. OVS ပစ္စည်းသွင်းသူများသည် ILO သဘောတူညီချက် အမှတ် 138 နှင့် 142 အရ ဒေသဆိုင်ရာဥပဒေနှင့်အညီ အလုပ်ဝင်ခွင့်အတွက် အနိမ့်ဆုံးအသက်ပြည့်သည့် အလုပ်သမားများကိုသာ အလုပ်ခန့်နိုင်ပါသည်။

2.2. အနိမ့်ဆုံးတရားဝင်အသက်မှ အသက် 18 နှစ်ကြားရှိ လူငယ် အလုပ်သမားအားလုံးကို မှတ်ပုံတင်စာရင်းတစ်ခုတွင် ခွဲခြားဖော်ပြရပါမည်။ ၎င်းတို့အား အန္တရာယ်ရှိသော တာဝန်များ၊ အချိန်ပိုအလုပ်များ သို့မဟုတ် ညဆိုင်းအလုပ်များတွင် အလုပ် လုပ်ခိုင်း၍ မရပါ။ လုပ်ငန်းဆောင်တာများသည် ၎င်းတို့၏ ပညာရေး သို့မဟုတ် ကျန်းမာရေးနှင့် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်း ဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ကိုယ်ကျင့်တရားနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက်မဖြစ်စေရပါ။

2.3. လူငယ် အလုပ်သမားများအား ကွဲပြားသော ယူနီဖောင်း၊ တံဆိပ် သို့မဟုတ် ကုမ္ပဏီတွင် ၎င်းတို့အား လွယ်ကူစွာ ခွဲခြားသိရှိ နိုင်ရန် သင့်လျော်သည်ဟု မှတ်ယူထားသော အခြားမည်သည့်အစီအမံမဆိုဖြင့် အလွယ်တကူ ခွဲထားပေးရမည်။

## 3. အဓမ္မခိုင်းစေမှု၊ ထိပါးနှောင့်ယှက်မှုနှင့် မတော်မတရားပြုမှု[2]

3.1. OVS ပစ္စည်းသွင်းသူများသည် မည်သည့်နည်းဖြင့်မဆို အဓမ္မခိုင်းစေမှုကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ မသုံးရပါ။ ယင်းတို့အထဲတွင် ခြိမ်းခြောက်၍ အလုပ်လုပ်ခိုင်းခြင်း၊ အလိုမတူသော အကျဉ်းသားများကို အသုံးပြုခြင်း၊ *Sumangali Scheme* ဟုခေါ်သော ကလေးလုပ်သားများကို အတင်းအဓမ္မစေခိုင်းမှု ပုံစံကို အသုံးပြုခြင်းနှင့် အကြွေးများဆပ်ရန် စာချုပ်အလုပ်သမားများ အသုံးပြုခြင်းကို အထူးတားမြစ်ထားသည်။

---

*[1]* ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက်။ "ကလေးနှင့်သက်ဆိုင်သောဥပဒေအရ အရွယ်ရောက်သည့်အသက်ကို ပိုငယ်သောအသက်အဖြစ် သတ်မှတ်ထားသည်မှလွဲ၍ အသက် *18* နှစ်မပြည့်သေးသူတိုင်းကို" ကလေးဟု သတ်မှတ်သည်။ *ILO* သဘောတူညီချက် အမှတ် *138* နှင့် *142*။

*[2] ILO* သဘောတူညီချက် အမှတ် *29*၊ *105* နှင့် *182*။

3.2. OVS ပစ္စည်းသွင်းသူများသည် အလုပ်သမားများအား လေးစားမှုနှင့် ဂုဏ်သိက္ခာရှိစွာ ဆက်ဆံပြီး ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် နှုတ်ဖြင့် မတော်မတရားပြုမှု ပုံစံအားလုံးကို တားမြစ်ရမည်။

3.3. OVS ပစ္စည်းသွင်းသူများသည် လုံခြုံရေးဝန်ထမ်းများ၏ ထိပါးနှောင့်ယှက်ခြင်းနှင့် မတော်မတရားပြုခြင်းကို လက်မခံ နိုင်ကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် အဖြစ်အပျက်များကို သတင်းပို့နိုင်မည့် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ရှင်းလင်း ပြတ်သားသော မူဝါဒများ ရှိရမည်။

3.4. အလုပ်သမားများသည် တရားမဝင် ဒဏ်ကြေးများ သို့မဟုတ် ၎င်းတို့၏ လူသားတစ်ဦးအဖြစ် ဂုဏ်သိက္ခာကို ထိခိုက်စေမည့် အပြစ်ပေးအရေးယူမှုများကို မခံစားစေရပါ။

3.5. အလုပ်ခန့်ထားမှု ဆက်ဆံရေးကို စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်းသည့် ဥပဒေမှ ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ထားသည်မှလွဲ၍ ဝန်ထမ်းများသည် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း မခံရဘဲ အလုပ်နေရာနှင့်/သို့မဟုတ် ကုမ္ပဏီမှ လွတ်လပ်စွာ ထွက်ခွာခွင့် ရှိရမည်။

3.6. အလုပ်ရှင်များသည် အလုပ်သမားများ၏ အထောက်အထားစာရွက်စာတမ်းများကို ထုတ်မပေးဘဲ သိမ်းထားခွင့်မရှိပါ။

3.7. OVS ပစ္စည်းသွင်းသူများအနေဖြင့် ဝန်ထမ်းများအလုပ်ခန့်ရန် သုံးသည့် ပြင်ပတစ်ဆင့်ခံကန်ထရိုက်တာများ သို့မဟုတ် အဖွဲ့အစည်းများက ရှာဖွေပေးသော အလုပ်သမားများသည် အတင်းအဓမ္မ၊ လှည့်ဖြားမှု၊ ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု သို့မဟုတ် ခြိမ်းခြောက်ငွေညှစ်မှုကြောင့် အလုပ်လုပ်ရခြင်း မဟုတ်ကြောင်း သေချာစေရန်အတွက် ထိုကန်ထရိုက်တာများ သို့မဟုတ် အဖွဲ့အစည်း များကို စောင့်ကြည့်ရန် လိုအပ်သည်။

## 4. ခွဲခြားဆက်ဆံမှုများ[3]

4.1. ဝန်ထမ်းများ၏ အလုပ်စွမ်းဆောင်ရည်တွင် သို့မဟုတ် ဝန်ထမ်းရှာဖွေခန့်အပ်မှု၊ လစာပေးမှု၊ အလုပ်တာဝန်ခွဲဝေမှု၊ အသက်မွေးဝမ်းကျောင်းတိုးတက်မှု၊ သင်တန်းတက်ရောက်ခွင့်နှင့် အလုပ်ထုတ်ပယ်မှုတွင် လိင်အမျိုးအစား၊ လူမျိုး၊ မသန်စွမ်းမှု၊ နာမကျန်းမှု၊ လိင်စိတ်တိမ်းညွတ်မှု၊ နိုင်ငံရေး ပတ်သက်ဆက်နွှယ်မှု သို့မဟုတ် ကိုးကွယ်ယုံကြည်မှုအပေါ် အခြေခံ၍ မည်သို့သော ခွဲခြားဆက်ဆံမှုပုံစံကိုမျှ ခွင့်မပြုပါ။

4.2. အလုပ်ခန့်ထားမှုဆိုင်ရာ ဆုံးဖြတ်ချက်အားလုံးသည် တန်းတူညီမျှ အလုပ်အကိုင်အခွင့်အလမ်း၏ အခြေခံမူကို အခြေခံ၍ ချမှတ်ရမည်ဖြစ်ပြီး ရွှေ့ပြောင်းအလုပ်သမားများ၊ ယာယီ သို့မဟုတ် ရာသီအလိုက် အလုပ်သမားများအား ခွဲခြားဆက်ဆံမှုပုံစံမှန်သမျှမှ ကာကွယ်ရန်အတွက် ထိရောက်သောနည်းလမ်းများ ပါဝင်ရပါမည်။

4.3. အထူးသဖြင့် အမျိုးသမီးများနှင့်ပတ်သက်ပါက ကိုယ်ဝန်နှင့်ဆက်စပ်နေသည့် မည်သည့်ခွဲခြားဆက်ဆံမှုဖြစ်နိုင်ခြေကိုမဆို (ဥပမာ- အလုပ်ခန့်ထားစဉ်အတွင်း နှင့်/သို့မဟုတ် အလုပ်လက်တွဲလုပ်နေစဉ် ကာလအတွင်း ကိုယ်ဝန်ရှိ၊ မရှိ စစ်ဆေးခိုင်းခြင်း နှင့်/သို့မဟုတ် စိတ်ပိုင်းဆိုင်ရာဖိအားပေးမှုများပြုလုပ်ခြင်းကို) တားမြစ်ထားသည်။

## 5. လွတ်လပ်စွာအသင်းဖွဲ့ခွင့် [4]

5.1. OVS ပစ္စည်းသွင်းကုမ္ပဏီများသည် ၎င်းတို့၏ အလုပ်သမားများအား မည်သည့်အလုပ်သမားသမဂ္ဂတွင်မဆို သို့မဟုတ် ၎င်းတို့ကိုယ်တိုင်ရွေးချယ်သည့် အသင်းအဖွဲ့တွင် ပါဝင်ခွင့်နှင့် ၎င်းတို့လုပ်ကိုင်နေသော နိုင်ငံအတွင်း တရားဝင်အသိအမှတ်ပြု ပုံစံများဖြင့် စုပေါင်းညှိနှိုင်းသဘောတူညီချက်များတွင် ပါဝင်ခွင့်ကို အာမခံရမည်။

5.2. လွတ်လပ်စွာ အသင်းဖွဲ့ခွင့်နှင့် စုပေါင်းညှိနှိုင်းခွင့်ကို ဥပဒေအရ ကန့်သတ်ခြင်းမပြုပါက ပစ္စည်းသွင်းကုမ္ပဏီသည် ၎င်း၏ဝန်ထမ်းများအတွက် အလားတူ လွတ်လပ်စွာအသင်းဖွဲ့ခွင့်ပုံစံများကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးရပါမည်။

## 6. လစာနှင့် အလုပ်ချိန်[5]

6.1. အလုပ်သမားအားလုံး၏ လစာများသည် အနည်းဆုံးအနေဖြင့် နိုင်ငံတော်ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် အနိမ့်ဆုံး လုပ်အားခ အတိုင်းဖြစ်ရမည် သို့မဟုတ် စုပေါင်းညှိနှိုင်း သဘောတူထားသည့် လုပ်အားခသည် ဥပဒေအရ သတ်မှတ်ထားသော အနိမ့်ဆုံး လုပ်အားခထက် ပိုနေပါက ယင်းသို့သဘောတူထားသည့်အတိုင်း ရရှိရမည်။

6.2. အပိုဒ် 6.1 ပါပြဋ္ဌာန်းချက်များတွင် မည်သို့ရှိစေကာမူ OVS ပစ္စည်းသွင်းကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်သည့် နိုင်ငံများ အတွက် မျှတသောလုပ်အားခပမာဏ (လူနေမှုစရိတ်ကို ထည့်သွင်းစဉ်းစားပြီး) ကို သတ်မှတ်ပေးသည့် ယုံကြည်အားထား နိုင်သောရင်းမြစ်တစ်ခုရှိလျှင် အလုပ်သမားများ၏ လုပ်အားခများသည် အဆိုပါပမာဏနှင့် အနည်းဆုံးညီမျှရမည်။ အလုပ်ရှင်သည် အဆင့်တူ ကျွမ်းကျင်မှုနှင့် တာဝန်ယူထားသူများအကြား ကျား/မ လစာကွာဟမှု မရှိသည့် လစာဖွဲ့စည်းပုံကိုလည်း အကောင်အထည် ဖော်ရမည်ဖြစ်သည်။

---

[3] *ILO* သဘောတူညီချက် အမှတ် *100* နှင့် *111*။
[4] *ILO* သဘောတူညီချက် အမှတ် *87*၊ *98* နှင့် *135*။
[5] *ILO* သဘောတူညီချက် အမှတ် *1*၊ *26* နှင့် *131*။
အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အက်ဥပဒေ *23(3)*။ *"အလုပ်လုပ်သူတိုင်းသည် မိမိကိုယ်တိုင်နှင့် မိမိ၏ မိသားစုအတွက် လူ့ဂုဏ်သိက္ခာနှင့် ထိုက်တန်စွာ ရပ်တည်နိုင်စေရန် အာမခံပေးသည့်၊ လိုအပ်ပါက အခြားလူမှုရေးဆိုင်ရာ ကာကွယ်ပေးမှုများဖြင့် အားဖြည့်ပေးသည့် မျှတပြီးသင့်လျော်သော လစာကို ရပိုင်ခွင့်ရှိသည်။"*

6.3. OVS ပစ္စည်းသွင်းကုမ္ပဏီများသည် ဒေသဆိုင်ရာဥပဒေများနှင့် စုပေါင်းသဘောတူညီချက်အရ အလုပ်သမားများအား သာမန်အချိန်ပိုလုပ်အားခများဖြင့် သင့်လျော်သောလစာကို ပေးချေရမည်ဖြစ်သည်။ အလုပ်သမားအားလုံးသည် ရှင်းလင်းစွာ ဖော်ပြ ထားသော လစာဖြတ်ပိုင်းကို ရရှိရမည်ဖြစ်သည်။

6.4. အလုပ်ချိန်သည် သက်ဆိုင်ရာ ဒေသန္တရဥပဒေများနှင့်အညီ ပုံမှန်အလုပ်ချိန် 48 နာရီနှင့် အချိန်ပို 12 နာရီထက် ကျော်လွန်ခွင့် မပြုပါ။

6.5. အချိန်ပိုကို နှစ်ဦးနှစ်ဖက်သဘောတူညီမှုဖြင့် စီစဥ်ရမည်ဖြစ်ပြီး ပုံမှန်လုပ်အားခထက် အနည်းဆုံး ထပ်ဆောင်း 125% နှုန်း ပေးရမည်ဖြစ်သည်။ ဝန်ထမ်းများသည် ခုနစ်ရက်လျှင် အနည်းဆုံး 24 နာရီ ဆက်တိုက် အနားယူခွင့်ရှိသည်။

6.6. OVS ပစ္စည်းသွင်းကုမ္ပဏီများသည် ဥပဒေအရ မျှော်မှန်းထားသည့်အတိုင်း ဒေသဆိုင်ရာ အစိုးရရုံးပိတ်ရက်များအပြင် လစာရ လုပ်သက်ခွင့်နှင့် လိုအပ်ပါက နာမကျန်းခွင့်နှင့် မိဘခွင့်များကို ဝန်ထမ်းများအား ခံစားခွင့်ပေးရန် အာမခံရမည်။ မိဘခွင့် ယူထားသော အလုပ်သမားများသည် ခွင့်မယူမီ တူညီသောအခြေအနေများနှင့် ခံစားခွင့်များဖြင့် ၎င်းတို့၏ရာထူး၌ ပြန်လည် တာဝန်ထမ်းဆောင်နိုင်ကြောင်း အာမခံချက်ကို ရရှိထားရမည်။

## 7. ကျန်းမာရေးနှင့် ဘေးကင်းရေး[6]

7.1. ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ ဒေသန္တရဥပဒေအားလုံးကို လိုက်နာရမည်။

7.2. အလုပ်သမားအားလုံးတွင် ဘေးကင်းပြီး ကောင်းမွန်သော လုပ်ငန်းခွင်နေရာ ရှိရမည်- တစ်နှစ်ပတ်လုံး ရာသီချိန်တိုင်းတွင် ပတ်ဝန်းကျင်၏ အပူချိန်နှင့် လေဝင်လေထွက်တို့ သင့်တင့်မျှတမှုရှိရမည်။ အလုပ်ချိန်အားလုံးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာ အလိုက် အလင်းရောင်ကို သင့်လျော်စွာ ရရှိရမည်။ သန့်စင်ခန်းများသည် သပ်ရပ်သန့်စင်နေရမည်ဖြစ်ပြီး လက်ရှိအလုပ်သမားများအတွက် လုံလောက်သော အရေအတွက်ရှိရမည်။ အမျိုးသားနှင့် အမျိုးသမီးများအတွက် သီးခြားစီ ခွဲထားရမည်။ အလုပ်သမားများသည် ကျိုးကြောင်း မဆီလျော်သော ကန့်သတ်ချက်များမရှိဘဲ အထက်ဖော်ပြပါအရာများကို အသုံးပြုနိုင်ရမည်။

7.3. ကုမ္ပဏီသည် ဝန်ထမ်းများအား အိမ်ရာများ စီစဥ်ပေးထားပါက အဆိုပါအိမ်ရာနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ ဒေသန္တရဥပဒေအားလုံးကို လိုက်နာဆောင်ရွက်ရမည်။ အလုပ်သမားများသည် မိမိတို့၏ကိုယ်ပိုင်အိပ်ရာကို အသုံးပြုနိုင်ပြီး ပုံမှန်အသုံးပြုရန် အတွက် လုံလောက်သော နေရာထိုင်ခင်း ရှိရမည်။ အမျိုးသားနှင့် အမျိုးသမီးများ အသုံးပြုနိုင်စေရန် ကျန်းမာရေးနှင့်ညီညွတ်သော သီးခြား အခန်းများ၊ ပန်းကန်ခွက်ယောက်များကို စီစဥ်ပေးထားရမည်။ အလုပ်မလုပ်သည့်အချိန်များတွင် အိပ်ဆောင်မှထွက်ခွာရန် လိုအပ်ခြင်းမရှိစေရ။ ကော်ဖီဆိုင် သို့မဟုတ် စားဖိုဆောင်များသည် သန့်ရှင်းပြီး အဆင်ပြေရမည်။ ဝန်ထမ်းများသည် သတ်မှတ်ထားသော ကျန်းမာရေး လိုအပ်ချက် အားလုံးကို ဖြည့်ဆည်းဆောင်ရွက်ရမည်။

7.4. OVS ပစ္စည်းသွင်းကုမ္ပဏီများသည် ယေဘုယျအားဖြင့် အဆောက်အဦးများ၏ လုံခြုံရေး၊ ပစ္စည်းကိရိယာများ အသုံးပြုခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆက်စပ်သည့် ဘေးအန္တရာယ်များကို ခွဲခြားဖော်ထုတ်ခြင်းနှင့် စိစစ်လေ့လာခြင်း အတွက် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားရမည်။ သီးခြားအရေးပေါ် အစီအစဥ်များအပြင် ကြားဝင်ကူညီခြင်းနှင့် ဘေးကင်းရာရွှေ့ပြောင်းခြင်း လုပ်ထုံးလုပ်နည်းများကို ဘေးအန္တရာယ် စိစစ်လေ့လာချက်ပေါ် အခြေခံပြီး သတ်မှတ်ရပါမည်။

7.5. အတားအဆီး ကင်းစင်သော အရေးပေါ်ထွက်ပေါက်များကို သေချာညွှန်ပြထားပြီး မီးထွန်းထားရပါမည်။

7.6. အလုပ်သမားအားလုံးကို ၎င်းတို့၏ သက်ဆိုင်ရာစက်ရုံများရှိ အလုပ်နေရာတွင်ရှိသည့် ဘေးကင်းရေးစက်ပစ္စည်း များနှင့် ပတ်သက်၍လည်း အသိပေးထားရပါမည်။ ကြိုတင်ချမှတ်ထားသည့် အစီအစဥ်အတိုင်း ဆောင်ရွက်ရမည့် ပုံမှန် ဘေးကင်းရေးရွှေ့ပြောင်းခြင်း လေ့ကျင့်မှုများကို ပုံမှန် ဆောင်ရွက်ရမည်ဖြစ်ပြီး အချိန်မရွေး မိမိတာဝန်ကို ဆောင်ရွက်နိုင် ကြောင်း သေချာစေရမည်။

7.7. အလုပ်သမားများ၏ ကျန်းမာရေးကို ကာကွယ်ပေးပြီး ဘေးကင်းသော လုပ်ငန်းခွင်တစ်ခုဖြစ်စေရန် အာမခံသည့် အကြီးတန်း မန်နေဂျာတစ်ဦးအား ကျန်းမာရေးနှင့် ဘေးကင်းရေးလိုအပ်ချက်များကို ဆောင်ရွက်ရန် တာဝန်ပေးရမည်။

7.8. OVS ပစ္စည်းသွင်းကုမ္ပဏီများသည် အန္တရာယ်ရှိသော အဆောက်အဦးများတွင် အလုပ်မလုပ်ရမည့်အပြင် စက်ယန္တရား များကို စည်းကမ်းမလိုက်နာဘဲ အသုံးမပြုရပါ။ အန္တရာယ်ဖြစ်နိုင်ခြေရှိသည့် ပစ္စည်းကိရိယာများကို အသုံးပြုသော အလုပ်သမား များသည် သင့်လျော်သော သင်တန်းတက်ရောက်ထားရမည်။

7.9. OVS ပစ္စည်းသွင်းကုမ္ပဏီများသည် ဒေသတွင်းဥပဒေများနှင့် စက်မှုလုပ်ငန်းဆိုင်ရာ စံနှုန်းများအရ လိုအပ်သည့် အတိုင်း သင့်လျော်သော တစ်ကိုယ်ရေ ကာကွယ်ရေးကိရိယာများကို အလုပ်သမားများအား အခမဲ့ ပံ့ပိုးရပါမည်။ အလုပ်သမား အားလုံးသည် အလုပ်ချိန်များအတွင်း မဖြစ်မနေ ဝတ်ရမည်ဖြစ်သော ကာကွယ်ရေးကိရိယာများကို အသုံးပြုရမည်။

[6] *ILO သဘောတူညီချက် 155၊ OHSAS 18001*

7.10. စက်ရုံတိုင်းတွင် ရှေးဦးသူနာပြုပစ္စည်းများ ထားရှိရမည်ဖြစ်ပြီး လိုအပ်ပါက ရှေးဦးသူနာပြုအကူအညီကို ပံ့ပိုးပေးရန် လေ့ကျင့်ထားသည့် လူများ ထားရှိရမည်။

7.11. လုပ်ငန်းခွင်တွင် မတော်တဆဖြစ်ခြင်းမှ အလုပ်သမားများအား ကာကွယ်ရန်အတွက် ပြည်သူ့လုံခြုံရေး အဖွဲ့အစည်း ရှိသည့် နိုင်ငံများတွင် ပစ္စည်းသွင်းကုမ္ပဏီများသည် အလုပ်ချိန်အတွင်း ဖြစ်ပွားသည့် မတော်တဆမှုတိုင်းအတွက် ဆေးကုသ စရိတ်များကို ပေးချေရပါမည်။

## 8. ဒေသခံအသိုင်းအဝိုင်း

8.1. OVS ပစ္စည်းသွင်းကုမ္ပဏီအားလုံးသည် ယေဘုယျအားဖြင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကြောင့် ဒေသခံ အသိုင်းအဝိုင်းပေါ် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်အရ ထိခိုက်နိုင်ခြေများကို စိစစ်သုံးသပ်ရန် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ထားရပါမည်။ OVS ပစ္စည်းသွင်းကုမ္ပဏီများသည် ကုန်ထုတ်လုပ်ရေး လုပ်ငန်းခွင်များ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် အထောက်အပံ့ပေးသည့် ဒေသတွင်း အသိုင်းအဝိုင်းများအပေါ် အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှု ဖန်တီးရေးဆိုင်ရာ ကျွန်ုပ်တို့၏ ပန်းတိုင်ကို မျှဝေထမ်းဆောင်ရန် တာဝန်ရှိပါသည်။ OVS ပစ္စည်းသွင်းကုမ္ပဏီများနှင့် ၎င်းတို့၏ ဝန်ထမ်းများအား ၎င်းတို့နှင့် အပြန်အလှန်ဆက်ဆံနေသည့် ဒေသတွင်း အသိုင်းအဝိုင်းများက စိစဉ်သော ပရဟိတ လုပ်ငန်း များတွင် အကူအညီများပေးခြင်းဖြင့် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်ချက်များတွင် ပါဝင်ရန် တိုက်တွန်း အားပေးပါသည်။

## ပတ်ဝန်းကျင်

လုပ်ငန်းဆောင်ရွက်ချက်တိုင်း၏ အကျိုးသက်ရောက်မှုများကို အစဉ်မပြတ် စောင့်ကြည့်ခြင်းဖြင့် တစ်ဦးတစ်ယောက်၏ နေ့စဉ်လုပ်ငန်းကဏ္ဍအမျိုးမျိုးက သဘာဝပတ်ဝန်းကျင်အပေါ် မည်သို့သက်ရောက်သည်ကို သတိပြုမိရန် အရေးကြီးပါသည်။

လုပ်ငန်းစဉ် သို့မဟုတ် ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်ချက် တစ်ခုစီတွင် အောက်ပါရည်ရွယ်ချက်များ ပါဝင်ရပါမည်-

က။ ပြန်လည်အသုံးပြုနိုင်သော သို့မဟုတ် အလေအလွင့်နည်းပါးစေသော ရင်းမြစ်များနှင့် ပစ္စည်းများအား သုံးစွဲခြင်းကို အလေးပေးပြီး ရှားပါးသော သဘာဝရင်းမြစ်များ ပိုမိုထိရောက်စွာ အသုံးပြုရေးကို လိုက်နာဆောင်ရွက်ရန်။

ခ။ လူ သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့် ဓာတုပစ္စည်းများ အသုံးပြုမှုနှင့် စွန့်ပစ်ပစ္စည်းထုတ်လုပ်မှုကို လျှော့ချရန်။

ဂ။ သဘာဝဂေဟစနစ်များ ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထိန်းသိမ်းခြင်းအတွက် ထောက်ပံ့ရန်။

## 9. သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု

9.1. OVS ပစ္စည်းသွင်းကုမ္ပဏီများသည် ၎င်းတို့၏ လုပ်ငန်းများ ဆောင်ရွက်သည့် နိုင်ငံရှိ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းအားလုံးကို လိုက်နာရမည်။

9.2. စက်ရုံများနှင့် အလုပ်ရုံများသည် ၎င်းတို့၏ စွမ်းအင်နှင့် သဘာဝရင်းမြစ်များ အသုံးပြုမှုကို အဆက်မပြတ် စောင့်ကြည့်စစ်ဆေး ရမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို တဖြည်းဖြည်း လျှော့ချရန် အတွက် ရည်မှန်းချက်များ သတ်မှတ် ထားရမည်။

9.3. OVS ပစ္စည်းသွင်းကုမ္ပဏီများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု လျှော့ချပေးနိုင်သည့် နည်းပညာများနှင့် ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှု စနစ်များတွင် ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပြီး ပစ္စည်းများနှင့် ကုန်ထုတ်လုပ်ငန်းစဉ်များတွင် ထုတ်ကုန် ပြန်လည် တီထွင်အသုံးပြုခြင်း၊ ပြန်သုံးခြင်းနှင့် ထုတ်ကုန်သက်တမ်းကြာမြင့်ခြင်းကို အားမခံရန် ကြိုးစား လုပ်ဆောင်ပြီး OVS နှင့်အတူပူးပေါင်း၍ ထုတ်ကုန်များ၏ ဂေဟပုံစံ အတွေးအမြင်ကို မြှင့်တင်ပေးရပါမည်။

9.4. အပူစွမ်းအင်ထုတ်လုပ်ရန် စနစ်အသစ်များ တပ်ဆင်ရန်လိုအပ်သည့် အခြေအနေတွင် OVS ပစ္စည်းသွင်းကုမ္ပဏီများ သည် မီးလောင် ကျွမ်းသော ရုပ်ကြွင်းလောင်စာဆီများဖြင့် လည်ပတ်သည့် စနစ်အသစ်များ (ဥပမာ- ဘွိုင်လာအိုးများ၊ မီးအားပေးစက်များ စသည်) ကို မတပ်ဆင်ရပါ။

## 10. ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသော ပစ္စည်းများ

10.1. မီးလောင်နိုင်သော ပစ္စည်းများ၊ ဓာတုပစ္စည်းများနှင့် အဆိပ်အတောက်ဖြစ်စေသော သို့မဟုတ် အန္တရာယ်ရှိသော လုပ်ဆောင်ချက်များကို အခြားရွေးချယ်စရာနည်းလမ်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကုန်ထုတ်လုပ်ငန်းစဉ်တွင် အသုံးမပြု ရပါ။

10.2. ဓာတုပစ္စည်းထည့် ကုန်သေတ္တာများကို သတိပေးအညွှန်း ကပ်ထားရမည်ဖြစ်ပြီး ၎င်းသေတ္တာတွင် အချက်အလက် စာရွက်နှင့် အသုံးပြုနည်းဆိုင်ရာ ရှင်းလင်းသော လမ်းညွှန်ချက်များကို တွဲထည့်ပေးရမည်။ ဓာတုပစ္စည်း ယိုဖိတ်မှုနိုင်ခြေကို ရှောင်ရှားရန်အတွက် ကုန်သေတ္တာများကို ကောင်းမွန်သောအခြေအနေတွင် ထားရှိသင့်ပြီး မတော်တဆပျက်စီးမှုတစ်ခုခု မဖြစ်စေရန်အတွက် အတားအဆီးများဖြင့် ကာကွယ်ထားသင့်သည်။ အဆိုပါပစ္စည်းများကို အသုံးပြုခွင့်ရရှိထားသူများအား ၎င်းတို့၏ သင့်လျော်သော အသုံးပြုမှုအတွက် အခါအားလျော်စွာ လေ့ကျင့်သင်ကြားပေးရမည်။

10.3. OVS ပစ္စည်းသွင်းကုမ္ပဏီအားလုံးသည် https://mrsl.roadmaptozero.com/mrsl/MRSL2_0 တွင် ရရှိနိုင်သည့် ZDHC မှ ထုတ်ဝေသော mRSL စာရွက်စာတမ်းတွင် စာရင်းပြုစုထားသည့် ဓာတုပစ္စည်းများ အသုံးပြုမှုကို ရှောင်ရှားရန် သို့မဟုတ် ကန့်သတ်ရန် လိုအပ်သည်။ ပစ္စည်းသွင်းကုမ္ပဏီအားလုံးသည် အသိအမှတ်ပြုဓာတ်ခွဲခန်းမှ ဆောင်ရွက်သည့် စမ်းသပ်မှုအစီအစဉ်ဖြင့် ရေဆိုးထဲတွင် အဆိုပါဓာတုပစ္စည်းများ ပါဝင်နိုင်ခြေကို အနည်းဆုံး ခြောက်လတစ်ကြိမ် စစ်ဆေး အတည်ပြုရန် လိုအပ်သည်။ တားမြစ်ထားသော ပစ္စည်း တစ်ခု သို့မဟုတ် ထို့ထက်ပို၍ စစ်ဆေးတွေ့ရှိရပါက OVS သည် အခြားရွေးချယ်စရာ လုပ်ငန်းစဉ်များ သို့မဟုတ် ဓာတုပစ္စည်းများကို ခွဲခြားရှာဖွေရန် ပစ္စည်းသွင်းကုမ္ပဏီနှင့် ပူးပေါင်းလုပ်ဆောင် ပါသည်။

## 11. စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု

11.1. စွန့်ပစ်ပစ္စည်း စီမံဆောင်ရွက်ခြင်းနှင့် စွန့်ပစ်ခြင်းသည် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုမရှိရမည့်အပြင် ရေ၊ လေနှင့် မြေထု ညစ်ညမ်းမှု မဖြစ်စေရပါ။ စွန့်ပစ်ပစ္စည်းများကို စဉ်းစားချင့်ချိန်၍ စီမံခန့်ခွဲရမည်ဖြစ်ပြီး သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက် ရမည်။ သိုလှောင်သည့်နေရာများသည် လုံခြုံပြီး ပုံမှန်ထိန်းချုပ်မှုရှိရပါမည်။ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုရန် ဖြစ်နိုင်ခြေ ရှိမှုအပေါ် မူတည်၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားရမည်။

11.2. အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို ကိုင်တွယ်သည့် အလုပ်သမားများသည် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများနှင့် ဆက်စပ် နေသော အန္တရာယ်ကို နားလည်သဘောပေါက်၍ ၎င်းတို့၏ မလျော်ကန်သော စီမံခန့်ခွဲမှုကြောင့် ၎င်းတို့ကိုယ်တိုင်နှင့် ပတ်ဝန်းကျင်ကို ထိခိုက်မှု ဖြစ်ပွားစေခြင်းမှ ကာကွယ်ရမည်။

## 12. ရေစီမံခန့်ခွဲမှု

12.1. ရေသည် ရှားပါးလာနိုင်သည့် အဖိုးတန် သဘာဝရင်းမြစ်တစ်ခုဖြစ်သည်။ OVS ပစ္စည်းသွင်းကုမ္ပဏီများသည် ရေသုံးစွဲမှု လျှော့ချရုံသာမက ရေကို ချင့်ချိန်သုံးစွဲနိုင်စေရန်အတွက် စီမံချက်များ ချမှတ်ထားပြီး အလုပ်သမားအားလုံး ဘေးကင်း စိတ်ချရသော သောက်သုံးရေ ရရှိရေးကို အာမခံနိုင်ရန် မျှော်လင့်ထားပါသည်။ OVS ပစ္စည်းသွင်းကုမ္ပဏီများသည် ထိရောက်သောစနစ်များနှင့် ပြုပြင် ထိန်းသိမ်းမှုအပြင် ရေပြန်လည်တီထွင်အသုံးချခြင်း အခွင့်အလမ်းများ ဖန်တီးရန်အတွက် ရည်ရွယ်ထားရပါမည်။

12.2. ကုန်ထုတ်လုပ်ငန်းစဉ် (ဆေးဆိုးခြင်း၊ ဆေးကြောခြင်း၊ အချောသပ်ခြင်း) မှ ထွက်လာသော ရေဆိုးကို ပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရန် စွန့်ပစ်ခြင်းမပြုမီ သန့်စင်ပေးရမည်။

12.3. OVS ပစ္စည်းသွင်းကုမ္ပဏီများသည် ဒေသဆိုင်ရာဥပဒေများနှင့်အညီ ရေဆိုးစွန့်ပစ်မှုကို စောင့်ကြည့်စစ်ဆေးသည့် စနစ်တစ်ခု ရှိရမည်။

12.4. ရေဆိုးသန့်စင်သည့်စက်ရုံရှိနေလျှင် သန့်စင်မှုလုပ်ငန်းစဉ်ကို အနှောင့်အယှက်မဖြစ်စေသော အခြေအနေဖြင့်သာ မိုးရေ စီးဆင်းစေရမည်။ ထို့အပြင် ဝန်ထမ်းများသည် စက်ရုံတွင်း သန့်စင်မှုစနစ်ကို ကောင်းစွာ လည်ပတ်နိုင်စေရန်အတွက် လိုအပ်သည့် လုပ်ငန်းစဉ်များ၊ စက်ကိရိယာများနှင့် စမ်းသပ်မှုများအကြောင်းကို သိရှိထားရန် လိုအပ်ပါသည်။

## 13. လေထုထဲသို့ ဓာတ်ငွေ့ထုတ်လွှတ်မှု

13.1. ဓာတ်ငွေ့ထုတ်လွှတ်မှုအားလုံးကို ဥပဒေနှင့် ဒေသဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ စောင့်ကြည့်ပြီး စီမံခန့်ခွဲ ရမည်ဖြစ်သည်။

13.2. OVS ပစ္စည်းသွင်းကုမ္ပဏီများသည် ညစ်ညမ်းစေသောပစ္စည်းတစ်ခုစီ၏ ပမာဏကို ခွဲခြားသတ်မှတ်ပြီး ဓာတ်ငွေ့ ထုတ်လွှတ်မှု ရင်းမြစ်အားလုံးကို ရေးမှတ်ထားသော၊ ပြည့်စုံတိကျပြီး ယုံကြည်စိတ်ချရသော စာရင်းကို ပြင်ဆင်ထားရန် လိုအပ်ပါသည်။

13.3. ဓာတ်ငွေ့ထုတ်လွှတ်မှု ရင်းမြစ်များမှတစ်ဆင့် လေထုထဲသို့မထုတ်လွှတ်မီ ညစ်ညမ်းမှုများကို ဖယ်ရှားရန် သို့မဟုတ် စစ်ထုတ်ရန် ထိုရင်းမြစ်များတွင် စောင့်ကြည့်ကိရိယာများ တပ်ဆင်ထားရမည်။

## 14. နယ်မြေတွင်း ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု

14.1. ဒေသန္တရ စည်းမျဉ်းများနှင့် ဥပဒေများနှင့်အညီ နယ်မြေနှင့် ၎င်းရှိနေထိုင်သူများကို ထိခိုက်မှုမဖြစ်စေရန် အဆောက်အအုံများကို သဘာဝအတိုင်းဖြစ်စေ၊ လူလုပ်ဖန်တီး၍ဖြစ်စေ လုပ်ငန်းခွင်အတွင်း သင့်လျော်သောပေါင်းစပ်မှု ဖြစ်စေရန်အတွက် တည်ဆောက်ရမည် သို့မဟုတ် ပြုပြင်မွမ်းမံရမည်။

14.2. OVS ပစ္စည်းသွင်းကုမ္ပဏီများသည် ဒေသတွင်း အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများဖန်တီးရန် ကျွန်ုပ်တို့၏ ရည်မှန်းချက်ကို ထပ်တူလက်ခံရမည်ဖြစ်သည်။ ပစ္စည်းသွင်းကုမ္ပဏီအားလုံးကို ဒေသတွင်း လူမှုအဖွဲ့အစည်းများက စီစဉ်သော လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုများတွင် ၎င်းတို့၏ ပံ့ပိုးကူညီမှု ပေးခြင်းဖြင့် ပါဝင်ရန် ဖိတ်ခေါ်ပါသည်။

## 15. နောက်ထပ် ရေရှည်အကျိုးဖြစ်ထွန်းသော ပစ္စည်းများ

15.1. ပစ္စည်းများ (ကုန်ကြမ်း၊ လူသုံးကုန်များ၊ ရှုံးသုံးပစ္စည်းများ စသည်) ကို ရွေးချယ်သည့်အခါ ပစ္စည်းသွင်းကုမ္ပဏီများ သည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းပါးစေမည့် အခြားရွေးချယ်စရာများကို ရှာဖွေရမည်ဖြစ်ပြီး ထိုပစ္စည်းများကို ဤကျင့်ဝတ်စည်းမျဉ်းပါ အခြေခံမူများနှင့်အညီ ထုတ်လုပ်ထားကြောင်း သေချာစေရမည်။

15.2. ပစ္စည်းသွင်းကုမ္ပဏီများသည် တိရစ္ဆာန်ထွက်ပစ္စည်းများ ရွေးချယ်မှုကို ကျင့်ဝတ်ဆိုင်ရာရှုထောင့်မှနေ၍ အကဲဖြတ်ပြီး၊ [7]အသုံးချ အမြတ်ထုတ်မှု ပါဝင်ပတ်သက်ခြင်း မရှိသည့် အခြားနည်းလမ်းများကို ဦးစားပေးရွေးချယ်ရပါမည်။ တိရစ္ဆာန်ထွက် ပစ္စည်းများကို အသုံးပြု သည့်အခါ စားသောက်ရန်အတွက် ရည်ရွယ်ထားသည့် မူလစီမံဆောင်ရွက်သည့်နည်းလမ်းကိုသာ အသိအမှတ်ပြုရမည်ဖြစ်ပြီး တိရစ္ဆာန်များကို နှိပ်စက်ညှဉ်းပန်းခြင်း (ဥပမာ- အရှင်လိုက် အမွေးနုတ်ခြင်းကဲ့သို့) ပုံစံအားလုံး မပါဝင်စေရပါ။

[7] တာဝန်ယူမှုရှိသော ငှက်မွေးနုများစီမံခြင်း စံနှုန်း၊ တာဝန်ယူမှုရှိသော သိုးမွေးစီမံခြင်း စံနှုန်း

## လိုက်နာမှုနှင့် ပွင့်လင်းမြင်သာမှု

စည်းမျဉ်းစည်းကမ်းလိုက်နာမှုသည် ကိစ္စအားလုံးကို ဆောင်ရွက်ခြင်းအတွက် မဖြစ်မနေလိုအပ်ချက်တစ်ခု ဖြစ်သည်။
ကုမ္ပဏီအားလုံးသည် ၎င်းတို့၏ ကိုယ်ပိုင်လုပ်ဆောင်ချက်များနှင့်သက်ဆိုင်သည့် ကဏ္ဍများတွင် ချမှတ်ထားသည့်ဥပဒေများနှင့်စည်းမျဉ်းများကို တစ်သဝေမတိမ်း အပြည့်အဝလိုက်နာကြောင်း သေချာစေရမည်။ *OVS* အနေဖြင့် ဥပဒေ၏အနက်အဓိပ္ပါယ်နှင့် ရည်ရွယ်ချက်တို့ကို သိရှိပြီး အပြည့်အဝ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
ကုမ္ပဏီ၏ စံတန်ဖိုးများကို ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားများထက် ဦးစားပေးပြီး အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများ ဖြစ်ပေါ်စေမည့် အခြေအနေအားလုံးကို ရှောင်ရှားရမည်။ ပဋိပက္ခဖြစ်နိုင်ဖွယ် အလားအလာရှိသော အခြေအနေများ ပေါ်ပေါက်လာပါက ၎င်းတို့အား မဆိုင်းမတွ သတင်းပို့သင့်သည်။
ပူးပေါင်းလုပ်ဆောင်သူများသည် မှန်ကန်ပြီး ရိုးသားသောပုံစံဖြင့် ပြုမူဆောင်ရွက်ရန်၊ ဥပဒေကို လိုက်နာပြီး ကျွန်ုပ်တို့၏အခြေခံစံတန်ဖိုးများကို ဦးထိပ်ပန်ဆင်၍ အခြားသူများနှင့် ထိတွေ့ဆက်ဆံရန် မျှော်လင့်ပါသည်။

### 16. လိုက်နာမှု

16.1. OVS ပစ္စည်းသွင်းကုမ္ပဏီများသည် ၎င်းတို့၏ လုပ်ငန်းအားလုံးကို လုပ်ကိုင်နေသောနိုင်ငံ၏ နိုင်ငံတော် ဥပဒေများအား လိုက်နာကြောင်း သေချာစေရမည်။ ဤနေရာတွင်ပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပစ္စည်းသွင်းကုမ္ပဏီရှိရာ နိုင်ငံ၏ နိုင်ငံတော်ဥပဒေများနှင့် ကွဲလွဲနေပါက ထိုနိုင်ငံ၏ နိုင်ငံတော်ဥပဒေများကိုသာ အတည်ယူ ရမည်။

16.2. OVS ပစ္စည်းသွင်းကုမ္ပဏီများသည် အခွန်၊ အကောက်ခွန်၊ ကော်ပိုရိတ်နှင့် တရားမဥပဒေတို့၏ အနက်အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်တို့အပြင် ၎င်း၏ စည်းမျဉ်းများကို အပြည့်အဝ လိုက်နာရမည်ဖြစ်ပြီး အစိုးရအာဏာပိုင်များ၊ ကြီးကြပ်ရေး အဖွဲ့များနှင့် ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်မှုကို ထိန်းသိမ်းထားရမည်။ အခွန်ရှောင်ရန် ဖန်တီးထားသော ကော်ပိုရိတ် ဖွဲ့စည်းပုံများ အသုံးပြုခြင်းကို တားမြစ်ထားသည်။

### 17. အကျင့်ပျက်ခြစားမှု

17.1. ပစ္စည်းသွင်းကုမ္ပဏီများသည် အကျင့်ပျက်ခြစားခြင်း၊ ငွေညှစ်ခြင်း သို့မဟုတ် အလွဲသုံးစားလုပ်ခြင်း ပုံစံမှန်သမျှကို ကျင့်သုံးခြင်း သို့မဟုတ် လိုက်လျောခြင်းမပြုရ။ ၎င်းတို့၏ လုပ်ငန်းမိတ်ဖက်များအား တရားမဝင် မက်လုံးများပေးခြင်း သို့မဟုတ် ယင်းတို့ထံမှ မက်လုံးများ လက်ခံခြင်းမပြုရ။ OVS ပစ္စည်းသွင်းကုမ္ပဏီများသည် ၎င်းတို့၏ ဝန်ထမ်းများအား လုပ်ငန်းခွင်အတွင်း သံသယဖြစ်ဖွယ် ပုံစံမမှန်မှုများ သို့မဟုတ် တရားမဝင်နိုင်သည့် အလားအလာရှိသော လုပ်ဆောင်မှုများကို အစီရင်ခံရန် လိုအပ်သောနည်းလမ်းများကို ပံ့ပိုးပေးရမည်။

### 18. ပွင့်လင်းမြင်သာမှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

18.1. ပစ္စည်းသွင်းကုမ္ပဏီများသည် အသုံးပြုသည့်ကုန်ကြမ်းများ၊ လုပ်ငန်းစဉ်များနှင့် လုပ်ငန်းစီမံဆောင်ရည်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို OVS နှင့် မျှဝေကြရမည်။ ဘုံရည်မှန်းချက်မှာ လုပ်ငန်းတန်ဖိုး ကွင်းဆက် တစ်လျှောက် ကျွန်ုပ်တို့ထုတ်ကုန်များ၏ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးစွမ်းဆောင်ရည်ကို မြှင့်တင်နိုင်မည့် အခွင့်အလမ်းများကို ဖော်ထုတ်နိုင်စေရန်ဖြစ်သည်။

18.2. OVS ပစ္စည်းသွင်းကုမ္ပဏီများသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ရေရှည်အကျိုးဖြစ်ထွန်းသော အလေ့ အကျင့်များကို စနစ်တကျ တိုးတက်စေရန် OVS နှင့် ပူးပေါင်း၍ ရေးဆွဲထားသော သီးခြားတိုးတက်မှုအစီအစဉ်များကို အကောင်အထည်ဖော်ရန်နှင့် စောင့်ကြည့်ရန် လိုအပ်ပါသည်။

18.3. OVS ပစ္စည်းသွင်းကုမ္ပဏီများသည် ထုတ်ကုန်တိုင်းကို ထုတ်လုပ်သည့်နေရာကို OVS အား အမြဲမပြတ် အကြောင်း ကြားရန်တာဝန်ရှိပြီး တစ်ဆင့်ခံကန်ထရိုက်တာများ သို့မဟုတ် အိမ်တွင်းအလုပ်သမားများ အသုံးပြုမှုကိုလည်း ကြိုတင် ခွင့်ပြုချက်ရရှိရန် တင်ပြရမည်ဖြစ်သည်။

### 19. စာရင်းစစ်များ

19.1. OVS သည် ၎င်း၏ကုန်ပစ္စည်းများကို ထုတ်လုပ်သည့် မည်သည့်စက်ရုံတွင်မဆို အသိပေးခြင်းမရှိဘဲ အချိန်မရွေး စာရင်းစစ်ခွင့် လက်ဝယ်ရှိထားပြီး တစ်ဆင့်ခံကန်ထရိုက်တာများ သို့မဟုတ် တစ်ဆင့်ခံပစ္စည်းသွင်းကုမ္ပဏီများ၏ တည်နေရာ များတွင်လည်း ထိုသို့လုပ်ဆောင်ပိုင်ခွင့် ရှိပါသည်။ ပစ္စည်းသွင်းကုမ္ပဏီသည် စာချုပ်ပါ ပြဋ္ဌာန်းချက်များအပြင် ဤကျင့်ဝတ် စည်းမျဉ်းပါ ပြဋ္ဌာန်းချက်အားလုံးကို လိုက်နာကြောင်း သေချာစေရန် OVS မှ တိုက်ရိုက်ဖြစ်စေ၊ သီးခြားကြားခံပြင်ပအဖွဲ့ ခန့်အပ်၍ ဖြစ်စေ ထိန်းချုပ်မှု လုပ်ဆောင်နိုင်သည်။

19.2. ပစ္စည်းသွင်းကုမ္ပဏီသည် OVS မှ ခန့်အပ်ထားသောသူများကို နေရာပရဝုဏ်များ၊ အဆောက်အအုံများ၊ စက်ပစ္စည်းများ၊ စာရွက်စာတမ်းများ၊ စာရင်းအင်းစာအုပ်များနှင့် ၎င်းနှင့်ဆက်စပ်နေသော ကုမ္ပဏီတို့၏

မှတ်တမ်းများအပြင် ၎င်း၏ တစ်ဆင့်ခံကန်ထရိုက်တာ သို့မဟုတ် တစ်ဆင့်ခံပစ္စည်းသွင်းကုမ္ပဏီများသို့ အကန့်အသတ်မရှိ ဝင်ရောက်စစ်ဆေးခွင့် ပြုရပါမည်။ တာဝန်ခံလုပ်ဆောင်ပေးသူများအား ၎င်းတို့၏ စောင့်ကြည့်ရေး လုပ်ငန်းစဉ်များ လုပ်ဆောင်ရန်နှင့် စာရင်းစစ် ရည်ရွယ်ချက်များအတွက် သက်ဆိုင်ရာ စာရွက်စာတမ်းအားလုံးကို ထိန်းသိမ်းထားနိုင်စေရန်အတွက် လိုအပ်သော အကူအညီ အားလုံးကို ပံ့ပိုးပေးရမည်ဖြစ်သည်။

19.3. ရလဒ်များသည် အပြည့်အဝလိုက်နာမှုရှိကြောင်း ပြသပါက စာရင်းစစ်ကုန်ကျစရိတ်ကို OVS မှ ကျခံမည်ဖြစ်သည်။ ရလဒ်များက လိုက်နာမှုမရှိကြောင်းဖော်ပြပါက သဘောတူထားသည့် ပြင်ဆင်တည့်မတ်ရေး အစီအစဉ်များကို အပြည့်အဝ အကောင်အထည်မဖော်မချင်း နောက်ဆက်တွဲစာရင်းစစ်မှုတိုင်းအတွက် ကုန်ကျစရိတ်များကို ပစ္စည်းသွင်းကုမ္ပဏီထံမှ ကောက်ခံ မည်ဖြစ်ပါသည်။

## 20. ကျင့်ဝတ်စည်းမျဉ်း ကျင့်သုံးမှု

20.1. OVS ပစ္စည်းသွင်းကုမ္ပဏီများသည် ၎င်းတို့၏ကိုယ်ပိုင် ပစ္စည်းသွင်းကုမ္ပဏီများကြားတွင် ဤစာရွက်စာတမ်းဆိုင်ရာ အသိပညာများကို ဖြန့်ဝေရပါမည်။ ပစ္စည်းသွင်းကုမ္ပဏီတိုင်းသည် ဤကျင့်ဝတ်စည်းမျဉ်းနှင့်အညီ သို့မဟုတ် ပိုမိုတင်းကျပ်သည့် ကန့်သတ်ချက်များအရ ၎င်းတို့၏ တစ်ဆင့်ခံကန်ထရိုက်တာများနှင့် ပစ္စည်းသွင်းကုမ္ပဏီများကို စနစ်တကျ စောင့်ကြည့် စစ်ဆေးလျက် ယင်းတို့၏ ပြုမူဆောင်ရွက်ပုံအပြင် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ အတွက် အာမခံပေးသူအဖြစ် ဆောင်ရွက်ရန် လိုအပ်သည်။

20.2. ပစ္စည်းသွင်းကုမ္ပဏီသည် ကျင့်ဝတ်စည်းမျဉ်းပါ အချက်များထဲမှ တစ်ခုခုကို မလိုက်နာပါက sustainability@ovs.it သို့ အီးမေးလ်ပို့၍ ၎င်းအား တိုင်ကြားနိုင်သည်။ OVS သည် ဒေသခံ NGO များ၏ ချိုးဖောက်မှု အပါအဝင် ကျင့်ဝတ်စည်းမျဉ်း ချိုးဖောက်မှုမှန်သမျှ၏ လေးနက်မှုနှင့် ပွင့်လင်းမြင်သာမှုရှိသော အစီရင်ခံစာအားလုံးကို လက်ခံရန် ကတိပြုထားပြီး ဖော်ထုတ် သိရှိထားသော ချိုးဖောက်မှုများအတွက် သင့်လျော်သည့် ပိတ်ဆို့အရေးယူမှုများ စိစစ်သတ်မှတ်ရန် ကတိပြုပါသည်။ လက်ခံ ရရှိသည့်အချက်အလက်များအပြင် သတင်းပေးသူ၏ အထောက်အထားကိုလည်း လျှို့ဝှက်ထားမည်ဖြစ်သည်။

20.3. ဤကျင့်ဝတ်စည်းမျဉ်းပါ အခြေခံမှုအားလုံးကို လေးစားလိုက်နာခြင်းသည် OVS နှင့် မည်သည့်လုပ်ငန်းဆိုင်ရာ ဆက်ဆံရေးနှင့် မိတ်ဖက်ပြုခြင်းကိုမဆို ပြုလုပ်ခြင်းနှင့် ခိုင်မာစေခြင်းအတွက် အခြေခံသတ်မှတ်ချက်တစ်ခုဖြစ်သည်။ ကုစား ဖြေရှင်းရေး အစီအစဉ်များ မပြုလုပ်ဘဲ ကျင့်ဝတ်စည်းမျဉ်းတွင် ဖော်ပြထားသော အခြေခံမှုများကို လိုက်နာခြင်းမရှိပါက ချက်ချင်းတည့်မတ်ပြင်ဆင်ရေး အရေးယူခံရမည်ဟု အဓိပ္ပာယ်သက်ရောက်မည်ဖြစ်ပြီး နောက်ဆုံးအနေဖြင့် OVS နှင့် လုပ်ငန်းဆက်ဆံရေး ရပ်ဆိုင်းခြင်းနှင့်/သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်များထံ တိုင်ကြားခြင်း ခံရမည်ဖြစ်သည်။